# မြွေဆိပ်ဖြေဆေးလမ်းညွှန်

လူနာသည်မြွေဆိပ်ဖြေဆေးထိုးရန် လိုအပ်ပါက

မှန်ကန်သောမြွေဆိပ်ဖြေဆေး အမျိုးအစားနှင့် သင့်တော်သောပမာဏကိုရွေးချယ်ပါ

သေချာစွာစစ်ဆေးရန်မှာ
- မြွေဆိပ်ဖြေဆေးသည်သက်တမ်းမလွန်ရ၊အရောင်နောက်နေခြင်း၊ အခဲများပါဝင်ခြင်းမရှိစေရ
- Adrenaline အပါအဝင် အရေးပေါ်အသက်ကယ်ရန် လိုအပ်သောပစ္စည်းနှင့်ဝန်ထမ်းများအဆင်သင့်ရှိရမည်။ (Adult 1:1000=1mg/ml,0.5ml(=0.5mg), Children 0.01mg/kg body weight)
- IV Line တပ်ထားပါ

မြွေဆိပ်ဖြေဆေးအကြောထဲထိုးသွင်းခြင်းစတင်ပါ။
- မြွေပွေးအတွက်ဆိုလျှင် မြွေပွေးမြွေဆိပ်ဖြေဆေး BPI (၈)လုံး (80cc) မြွေဆိပ်အပြင်းအထန် ပျံ့နှံ့နေပါက BPI (၁၆)လုံးထိုးပါ။
- မြွေဟောက်အတွက်ဆိုလျှင် မြွေဟောက်မြွေဆိပ်ဖြေဆေး BPI (၄)လုံး (40cc)ထိုးပါ။
- (2ml/min) နှုန်းဖြင့်ဖြည်းဖြည်းချင်း ထိုးပါ။
- ဖြည်းဖြည်းချင်းထိုးနေစဉ် မြွေဆိပ်ဖြေဆေးမတည့်သည့် လက္ခဏာများဖြစ်သည့် ယားယံခြင်း၊ ပျို့အန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ချမ်းတုန်ခြင်း၊ အနီပြင်ထခြင်း၊ ဗိုက်အောင့်ခြင်း၊ သွေးပေါင်ကျခြင်း၊ အသက်ရှူကျပ်ခြင်းစသည့် လက္ခဏာများကို ကြည့်ပါ။

မြွေဆိပ်ဖြေဆေးမတည့်သည့်လက္ခဏာပေါ်ပေါက်ခြင်း

ရှိ →

ဆေးမတည့်သည့် လက္ခဏာ ပေါ်ပေါက်လာပါက မြွေဆိပ်ဖြေဆေးထိုးခြင်းကို ချက်ချင်းရပ်ပါ

မြွေဆိပ်ဖြေဆေးမတည့်သည့် လက္ခဏာကို ကုသပါ

မြွေဆိပ်ဖြေဆေးထိုးခြင်းကို ရပ်ပြီးနောက်
- IM Adrenaline ကိုပေါင်တွင်ထိုးပါ(Adult 1:1000=1mg/ml, 0.5ml (= 0.5mg), Childern 0.01 mg/kg body weight)
- လူနာကို ပက်လက်လှန်ထားပါ၊ အောက်စီဂျင်ပမာဏများများပေးပါ ။ လိုအပ်လျှင် အသက်ရှူလမ်းကြောင်းအထောက်အကူပေးပါ
- အကြောဆေးပုလင်းကိုအမြန်နှုန်းဖြင့် သွင်းပါ(Adult 1L, Childern 20ml/kg)
- လိုအပ်ပါက IM Adrenaline ကို(၅)မိနစ်ခြားတစ်ခါထပ်ထိုးပါ
- အခြားကုသမှုများကိုလည်း ထည့်သွင်းစဉ်းစားပါ
ဥပမာ– အသက်ရှူကြပ်ခြင်းအတွက် Salbutamolကို အငွေ့စက်ဖြင့် ပေးခြင်း၊ ယားယံခြင်းအတွက် Hydrocortisone & Burmeton ထိုးခြင်း

လူနာ၏အရေးပေါ်အခြေအနေကိုစိတ်ချရအောင် ပြုစုကုသပြီး အနီးဆုံးမြို့နယ်/တိုက်နယ်ပြည်သူ့ဆေးရုံသို့ အမြန်ပို့ဆောင်ပါ ။
မပို့ဆောင်မီ စိုးရိမ်ဖွယ်အခြေအနေကြုံလာပါက နီးစပ်ရာဆေးရုံသို့ ဆက်သွယ်ပြီး ညွှန်ကြားမှုတောင်းခံပါ။

မရှိ ↓

မြွေဆိပ်ဖြေဆေးကိုပြီးဆုံးအောင်အနည်းဆုံး မိနစ်(၂၀)ကျော်ကြာ အကြောထဲသို့ထိုးသွင်းပါ။

မြွေဆိပ်အပြင်းအထန် ပျံ့နေပါက မြွေပွေးမြွေဆိပ်ဖြေဆေး (၁၆)လုံးအထိ ထိုးရန်လိုအပ်သည်။

**ရှေးဦးသူနာပြုစုနည်း**
၁။ လူနာကို လှုပ်ရှားမှုလုံးဝမပြုလုပ်စေရ။
၂။ ဒဏ်ရာကို အလွန်တင်းကြပ်စွာ စည်းခြင်း၊ ဓားဖြင့်ခွဲခြင်း၊ မီးစဖြင့် ထိုးခြင်းတို့ကို ရှောင်ကြဉ်ရမည်။
၃။ မြွေကိုက်ခံရသည့်နေရာကို သန့်ရှင်းသော အဝတ်ဖြင့်ခပ်ဖွဖွ သုတ်ပါ။ အားဖြင့် ဖိမပွတ်ရ။ ဒဏ်ရာကို ရေဖြင့် ဆေးပါ။
၄။ ဒဏ်ရာကို ပတ်တီးစည်းပြီးပါက ဝါးခြမ်း(သို့) တုတ်ချောင်းရှည်ဖြင့် မြွေကိုက်ခံရသော ခြေ (သို့) လက်တစ်ချောင်းလုံးကို ကပ်၍ကြပ်စည်းပါ။
၅။ မြွေကိုက်ခံရသော လူနာကို နီးစပ်ရာ ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ပါ။

**အရေးပေါ်ပြုစုကုသနည်း**
- အသက်ရှူလမ်းကြောင်းဖွင့်ခြင်း၊ အသက်ရှူနှုန်းနှင့် သွေးလည်ပတ်မှုကို စစ်ဆေးပါ။
- လိုအပ်ပါက ပါးစပ်ဖြင့် အသက်ရှူအထောက်အကူပြုပါ။
- သွေးလန့်ခြင်းဖြစ်ပေါ်ပါက IV Line ဖြင့်ဆေးသွင်းပါ။

**သွေးခဲ/မခဲစစ်နည်း**
- သွေး 2ccခန့်ကို ထုတ်ပြီး သန့်ရှင်းသော ဖန်ပုလင်း(သို့) ဖန်ပြွန်ထဲသို့ ထည့်ပါ။ (ဖန်ပုလင်းသည် ရေဖြင့်သာ ဆေးထားသော ပုလင်းဖြစ်ရမည်)
- သွေးထည့်ထားသော ပုလင်း(သို့) ပြွန်ကို မိနစ်နှစ်ဆယ်ထောင်ထားပါ။
- မိနစ်နှစ်ဆယ်ပြည့်လျှင် ပုလင်းကို အသာအယာလှုပ်ခြင်း(သို့) မှောက်ခြင်းဖြင့်သွေးခဲ/မခဲသိနိုင်ပါသည်။

**အာရုံကြောအားနည်းခြင်း လက္ခဏာများ**
- အပေါ်မျက်ခွံနှစ်ဖက်တွဲကျခြင်း
- အမြင်အာရုံဝေဝါးအားနည်းခြင်း
- မျက်ခွံလေးလာခြင်း၊
- စကားပြောခက်ခဲ/လေးလာခြင်း
- သွားရည်ကျခြင်း၊
- ခန္ဓာကိုယ်ကြွက်သားများ အားနည်းခြင်း
- အသက်ရှူခက်ခဲခြင်း

**မြွေဆိပ်ဖြေဆေးထိုးရမည့်အခြေအနေများ**
- အကိုက်ခံရသည့် နေရာတဝိုက်ရောင်ရမ်းမှု မြန်ဆန်ဆိုးရွားလာခြင်း
- ချိုင်းကြားပေါင်ခြံတွင် နာကျင်သော အကျိတ်အဖု ထွက်လာခြင်း
- အာရုံကြောများ အားနည်းလာခြင်း(ဥပမာ– မျက်ခွံလေးခြင်း၊ စကားပြောခက်ခဲ/လေးလာခြင်း၊ ပါးစပ်မဖွင့်နိုင်ခြင်း၊ သွားရည်ကျခြင်း၊ ခြေလက်မသယ်နိုင်ခြင်း)
- အသက်ရှူမဝ၍ မောပန်းခြင်း
- သွေးမခဲခြင်း
- ခန္ဓာကိုယ်မှ သွေးယိုစိမ့်ခြင်း
- သွေးပေါင်ကျခြင်း၊ နှလုံးခုန်မြန်ခြင်း
- ဆီးနည်းခြင်း (သို့မဟုတ်) ဆီးမထွက်ခြင်း
- ဆီးထဲတွင် အသားဓါတ်ပါဝင်မှုများခြင်း

ပထမအကြိမ် ထုတ်ဝေခြင်း (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ)

# ကျေးလက်ကျန်းမာရေးဌာနခွဲ မြွေကိုက်လူနာကုသရန် စမ်းသပ်စစ်ဆေးခြင်းလမ်းညွှန်

## မေးပါ

လူနာရောဂါရာဇဝင်ကိုအောက်ပါအတိုင်း မေးမြန်းပါ။
- အသက်
- ကျား/မ
- မြွေကိုက်ခံရသော နေ့ရက်နှင့် အချိန်
- ဆေးရုံရောက်ချိန်
- အကိုက်ခံရသည့်နေရာနှင့် အကိုက်ခံရစဉ် လုပ်ဆောင်နေသော အလုပ်အကိုင်
- ကျေးလက်ကျန်းမာရေးဌာနသို့ မရောက်ခင် လူနာကို မည်ကဲ့သို့ပြုစုကုသခဲ့သနည်း
- မြွေပါသလား ၊မြင်လိုက်ပါသလား

## စမ်းပါ

အောက်ပါတို့ကို စမ်းသပ်ပါ။
- အကိုက်ခံရသောနေရာ (မြွေကိုက်အစွယ်ရာနှင့် ဒဏ်ရာအနေအထား၊ ရောင်ရမ်းခြင်း (ရှိ/မရှိ) နှင့် ရောင်ရမ်းမှုပမာဏ)
- သက်ဆိုင်ရာပြန်ရည်ကျိတ် ရောင်ရမ်းမှု
- အကိုက်ခံရသော ခြေထောက်/လက်ရှိရာဘက်ရှိ ကျောက်ကပ်နေရာ၌ နာကျင်ခြင်း ရှိ/မရှိ
- ခန္ဓာကိုယ်ရှိ ကိုယ်အင်္ဂါအစိတ်အပိုင်းများမှ သွေးယိုစိမ့်/သွေးထွက်မှု ရှိ/မရှိ စစ်ဆေးခြင်း (မြွေကိုက်ဒဏ်ရာ၊ မျက်စိ၊ သွားဖုံး၊ အူလမ်းကြောင်း၊ ဆီးလမ်းကြောင်း)
- အာရုံကြောအားနည်းမှုရှိ/မရှိ (မျက်ခွံလေးခြင်း၊ မျက်စိဖွင့်ရန် ခက်ခဲခြင်း၊ စကားပြောရန် ခက်ခဲခြင်း၊ သွားရည်ကျခြင်း၊ ခြေလက်အားနည်းခြင်း၊ အသက်ရှူရခက်ခဲခြင်း)
- ဆီးပမာဏ

## စစ်ဆေးပါ

- သွေးခဲ/မခဲစစ်ဆေးခြင်း ( 20 WBCT~ အဖြေနှင့် ပြုလုပ်ချိန်မှတ်သားရန်)
- ဆီးတွင်း အသားဓာတ် ပါ/မပါ စစ်ဆေးခြင်း
- သွေးပေါင်ချိန်နှင့် သွေးခုန်နှုန်း

## လွှဲပါ

လူနာများကို လွှဲရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ပါ။
၁။ လုံလောက်သော မြွေဆိပ်ဖြေဆေးပမာဏကို ဦးစွာ ထိုးပေးပါ။
၂။ Vital Sign (သွေးပေါင်ချိန်၊ နှလုံးခုန်နှုန်း၊ အသက်ရှူနှုန်း)များ ကောင်းမွန်စေရန် လိုအပ်သည်များ ဆောင်ရွက်ပါ။
၃။ လွှဲပြောင်းရာတွင် မြွေဆိပ်မပျံ့စေရန် လှုပ်ရှားမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ပါ။
၄။ ပြည့်စုံစွာ ဖြည့်စွက်ထားသော လွှဲစာနှင့်အတူ လွှဲပါ။
၅။ ဆေးရုံသို့ အမြန်ရောက်ရှိစေရန် ဆောင်ရွက်ပါ။

မြွေကိုက်ခံရခြင်းအတွက် အဓိကကျသော ကုသမှုမှာ မြွေဆိပ်ဖြေဆေးထိုးပေးခြင်းဖြစ်သည်။ မြွေဆိပ်ဖြေဆေးကို ဆောလျင်စွာနှင့် လုံလောက်စွာ ပေးခြင်းဖြင့် မြွေကိုက်ခြင်း၏ နောက်ဆက်တွဲဖြစ်သော ကျောက်ကပ်ပျက်စီးမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်မည်ဖြစ်သည်။